Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

ဇူလိုင် (၁) ရက်၊ ၂၀၂၆

# မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခွင့်အရေး အကျဉ်းအတည်း


## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတော်အာဏာကို လုယူပြီးနောက် မြန်မာနိုင်ငံတဝှမ်း လက်နက်ကိုင်ပဋိပက္ခများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ ထိုပဋိပက္ခများ၏ အကျိုးဆက်ကို အရပ်သားပြည်သူများ၊ အထူးသဖြင့် ကလေးသူငယ်များက အချိုးမညီစွာ ခံစားခဲ့ရသည်။ ကလေးသူငယ်များသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်း၊ နေရပ်စွန့်ခွာထွက်ပြေးရခြင်း၊ ပညာသင်ကြားခွင့် ဆုံးရှုံးရခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ရရှိခြင်းတို့ကို ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။

အာဏာသိမ်းမှုနောက်ပိုင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ ကျေးရွာများအား စီးနင်းဖျက်ဆီးမှုများနှင့် အရပ်သားနေရာများအပေါ် ခွဲခြားမှုမရှိသော တိုက်ခိုက်မှုများကြောင့် ကလေးသူငယ်များ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ အဆက်မပြတ် ဖြစ်ပွားခဲ့သည်။ ထို့ပြင် စာသင်ကျောင်းများ၊ စစ်ဘေးရှောင်စခန်းများ၊ ဘာသာရေးအဆောက်အဦများနှင့် အရပ်သားများ ခိုလှုံနေသော နေရာများအပေါ် တိုက်ခိုက်မှုများ တိုးမြင့်လာခြင်းက ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ လုံခြုံမှုရရှိခွင့်၊ ပညာသင်ကြားခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များကို ပြင်းထန်စွာ ထိခိုက်စေခဲ့သည်။ လုံခြုံရေးအခြေအနေ ဆိုးရွားလာမှု၊ ကျောင်းများပိတ်ထားရမှုနှင့် တိုက်ခိုက်မှုများကြောင့် ကလေးသူငယ် သန်းနှင့်ချီ၍ ပညာသင်ကြားမှုမှ အနှောင့်အယှက်များနှင့် ကြုံတွေ့ခဲ့ရပြီး နိုင်ငံတဝှမ်းရှိ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများသည် စနစ်တကျ ထိခိုက်လျက်ရှိသည်။

အချက်အလက်များအရ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်အထိ စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် နိုင်ငံတဝန်းရှိ စာသင်ကျောင်း၊ မူကြိုနှင့် သင်တန်းကျောင်း အနည်းဆုံး ၄၇၀ ကျောင်း ထိခိုက်ပျက်စီးခဲ့သည်။ ယင်းတို့အနက် စစ်ကိုင်းတိုင်းတွင် ၁၃၄ ကျောင်းဖြင့် အများဆုံးဖြစ်ပြီး မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တို့တွင်လည်း ကျောင်းအများအပြား ထိခိုက်ပျက်စီးခဲ့သည်။ ထို့ပြင် စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများသည် တနှစ်ထက်တနှစ် မြင့်တက်လာပြီး ၂၀၂၄ ခုနှစ်တွင် ၁၄၄ ကျောင်းနှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်အထိ ၁၇၁ ကျောင်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။[1] ယင်းအခြေအနေသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်နှင့် လုံခြုံသော သင်ယူမှုပတ်ဝန်းကျင် ရရှိခွင့်တို့အပေါ် ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း ထင်ဟပ်စေသည်။

**နှစ်အလိုက်ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ**




1. **https://burmese.dvb.no/post/730192**

၂၀၂၆ ခုနှစ် ဇွန်လသည် မြန်မာနိုင်ငံတဝှမ်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် ကာလဖြစ်သော်လည်း ပဋိပက္ခဖြစ်ပွားနေသည့် ဒေသအများစုရှိ ကလေးသူငယ်များအတွက် လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင် မရှိသေးပေ။ ကျောင်းတက်ရောက်နေသော ကလေးသူငယ်များသည် လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် အခြားစစ်ရေးအန္တရာယ်များကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ယင်းအခြေအနေများသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများ ဆိုးရွားစွာ ခြိမ်းခြောက်ခံနေရကြောင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အကျပ်အတည်းသည် ဆက်လက်နက်ရှိုင်းလာနေကြောင်း ဖော်ပြနေသည်။

အဆိုပါဖြစ်စဉ်များ၏ ပြင်းထန်မှုနှင့် ကလေးသူငယ်များအပေါ် သက်ရောက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအား သတ်ဖြတ်ခြင်း၊ ကိုယ်အင်္ဂါထိခိုက်စေခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ စာသင်ကျောင်းများနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း အပါအဝင် ပြင်းထန်သော ချိုးဖောက်မှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ (၂၀၀၅) အရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း ယန္တရား (Monitoring and Reporting Mechanism – MRM) နှင့် မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting – CTFMR) မှတဆင့် ကုလသမဂ္ဂအေဂျင်စီများနှင့် မိတ်ဖက်အဖွဲ့အစည်းများက နိုင်ငံတကာအဆင့်တွင်လည်း စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိသည်။**2**

ဤအစီရင်ခံစာသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ ကလေးသူငယ်များအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုအချို့ကို လက်လှမ်းမီသရွေ့ ကောက်ယူစုစည်းတင်ပြထားပြီး နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံချိန်စံညွှန်းများ၊ အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (OPAC) နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) တို့ကို အခြေခံ၍ ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံရခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့အပေါ် ဖြစ်ပေါ်နေသော သက်ရောက်မှုများကို လေ့လာသုံးသပ်ထားသည်။

## ကလေးသူငယ်များအပေါ် ကျူးလွန်မှုများနှင့် နိုင်ငံတကာဥပဒေ

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ဖြစ်စဉ်များအရ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများ၏ အချိုးမညီစွာ ထိခိုက်ခံစားရသော အုပ်စုတခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရသည်။ ကလေးသူငယ်များသည် အသက်ရှင်သန်ခွင့်၊ ပညာသင်ကြားခွင့်၊ ကာကွယ်စောင့်ရှောက်ခံရခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များအပေါ် ပြင်းထန်သော ထိခိုက်မှုများကို ကြုံတွေ့ခဲ့ရပြီး အချို့ဖြစ်စဉ်များသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတို့တွင် ပြဋ္ဌာန်းထားသော အခြေခံစံနှုန်းများကို ချိုးဖောက်ရာရောက်ကြောင်း တွေ့ရှိရသည်။

### (၁) ကလေးသူငယ်များ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သားနေရာများအပေါ် ခွဲခြားမှုမရှိသော တိုက်ခိုက်မှုများကြောင့် ကလေးသူငယ်များ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ကလေးသူငယ်များသည် ပဋိပက္ခ၏ ဘေးထွက်ဆိုးကျိုးများကိုသာ ခံစားနေရခြင်းမဟုတ်ဘဲ တိုက်ခိုက်မှုများ၏ တိုက်ရိုက်ပစ်မှတ်များအဖြစ် ပိုမိုမြင်တွေ့လာရသည်။


မှတ်တမ်းတင်ထားသော ဖြစ်စဉ်များအရ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၌ အသက်တနှစ်ခွဲအရွယ် ကလေးတဦး သေနတ်ကျည်ထိမှန် သေဆုံးခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကယားပြည်နယ်၊ မိုဆိုကျေးရွာ၌ အရပ်သားများအား မီးရှို့သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်အတွင်း ကလေးသူငယ်များလည်း ပါဝင်သေဆုံးခဲ့သည်။ အဆိုပါဖြစ်စဉ်သည် အရပ်သားများနှင့် ကလေးသူငယ်များကို ခွဲခြားကာကွယ်ပေးရမည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အခြေခံမူများကို ပြင်းထန်စွာ ချိုးဖောက်ခဲ့သည့် ဖြစ်စဉ်တခုဖြစ်သည်။ ထို့ပြင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာ စာသင်ကျောင်းအား Mi-35 ရဟတ်ယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် ၇ နှစ်မှ ၁၃ နှစ်အကြား ကလေးသူငယ် ၁၁ ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ကလေးသူငယ် ၁၇ ဦးနှင့် ဆရာ၊ ဆရာမ ၂ ဦး ဒဏ်ရာရရှိခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ကျောင်းအတွင်း ကလေးသူငယ် ၂၀၀ ကျော် ရှိနေခဲ့ကြောင်း သတင်းအချက်အလက်များက ဖော်ပြထားသည်။

2. **United Nations Security Council Resolution 1612 (2005); United Nations Secretary-General, Children and Armed Conflict in Myanmar, S/2025/81 (2025).**

၂၀၂၃ ခုနှစ် ဧပြီလတွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးသူငယ်အများအပြား သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပွားခဲ့သည်။ ထို့နောက် ၂၀၂၃ ခုနှစ်အတွင်း ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်လေးနှစ်အရွယ် ကလေးတဦး သေဆုံးခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ချင်းပြည်နယ် ဟားခါးနှင့် မင်းတပ်မြို့နယ်များရှိ တိုက်ခိုက်မှုများကြောင့် ကျောင်းသားကလေးများ သေဆုံးခဲ့သည်။ ၂၀၂၆ ခုနှစ် ဇွန်လတွင် မန္တလေးတိုင်း မလှိုင်မြို့နယ်၌ ကျောင်းဆင်းချိန် လေကြောင်းတိုက်ခိုက်မှုတခု ကြောင့် ကျောင်းသားသုံးဦး သေဆုံးခဲ့ပြီး အခြားကလေးများလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အေအေပီပီမှ ကောက်ယူစုဆောင်းထားသည့် သတင်းအချက်အလက်များအရ ၂၀၂၁ ခုနှစ် အာဏာသိမ်းချိန်မှ ၂၀၂၆ ခုနှစ် ဇွန်လကုန်အထိ စစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရသည့် ကလေးသူငယ် စုစုပေါင်း **(၁၀၈၃)** ဦး ရှိပြီး အသက်အငယ်ဆုံးအနေဖြင့် (၂) လအရွယ် ကလေးငယ်ဖြစ်သည်။ ထိုအသက်အပိုင်းအခြားတွင် မွေးကင်းစမှ ၁၃ နှစ်အထိ ကလေး (၆၃၂) ဦးနှင့် ၁၃ နှစ်အထက် ကလေး (၄၅၁) ဦး ပါဝင်သည်။ အထက်ပါအရေအတွက်မှာ အေအေပီပီမှ အတည်ပြုထားနိုင်သည့် ပမာဏဖြစ်ပြီး အတည်ပြုရန်လိုအပ်နေသေးသည့် ကလေးသူငယ် **(၄၀၀)** ဦး၏ သေဆုံးစာရင်းကိုလည်း ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

## နှစ်အလိုက် အတည်ပြုနိုင်သော ကလေးသူငယ်သေဆုံးစာရင်း




ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ် အပိုဒ် ၆ အရ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့် ရှိသည်။ ထို့ပြင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအရ ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများသည် အရပ်သားများနှင့် စစ်ရေးပစ်မှတ်များကို ခွဲခြားရမည့် ခွဲခြားသတ်မှတ်ခြင်းအခြေခံမှု (Distinction Principle) နှင့် အရပ်သားများအပေါ် အလွန်အကျွံထိခိုက်မှု ဖြစ်စေမည့် တိုက်ခိုက်မှုများကို ရှောင်ကြဉ်ရမည့် အချိုးကျခြင်းအခြေခံမှု (Proportionality Principle) ကို လိုက်နာရန် တာဝန်ရှိသည်။ အရပ်သားကလေးသူငယ်များ သေဆုံးစေခဲ့သည့် တိုက်ခိုက်မှုများသည် ဂျီနီဗာသဘောတူညီချက်များ၏ ဘုံသဘောတူညီချက် အပိုဒ် ၃ နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ (Customary International Humanitarian Law) တွင် ဖော်ပြထားသော အခြေခံကာကွယ်မှုများကို ချိုးဖောက်ခြင်းဖြစ်သည်။

ထို့ကြောင့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါထိခိုက်စေခြင်းသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအား အထူးကာကွယ်ပေးရမည့် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဆန့်ကျင်နေပြီး ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ခွင့်တို့ကို ပြင်းထန်စွာ ခြိမ်းခြောက်နေကြောင်း တွေ့ရှိရသည်။

### (၂) စာသင်ကျောင်းများနှင့် ပညာရေးကဏ္ဍအပေါ် တိုက်ခိုက်မှုများ

ပဋိပက္ခကာလအတွင်း စာသင်ကျောင်းများသည် ကလေးသူငယ်များ၏ ပညာသင်ယူရာ နေရာများသာမက စစ်ဘေးရှောင်ပြည်သူများ ခိုလှုံရာနေရာများအဖြစ်လည်း အသုံးပြုခဲ့ကြသည်။ သို့သော် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စာသင်ကျောင်းများသည် လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ၏ ပစ်မှတ်များ ဖြစ်လာခဲ့သည်။

မှတ်တမ်းများအရ ဒီပဲယင်းမြို့နယ်မှ လက်ယက်ကုန်းစာသင်ကျောင်းနှင့် အိုးထိမ်းကွင်းစာသင်ကျောင်း၊ မြိုင်မြို့နယ်မှ မကြီးကန်စာသင်ကျောင်း၊ ရေဦးမြို့နယ်မှ ထန်းတောစာသင်ကျောင်း၊ ကောလင်းမြို့နယ်မှ နတ်အင်းစာသင်ကျောင်း၊ ဝက်လက်မြို့နယ်မှ မုဆိုးခြံစာသင်ကျောင်း၊ ဟားခါးမြို့နယ်မှ ဗန်ဟားစာသင်ကျောင်း၊ မင်းတပ်မြို့နယ်မှ ထင်ချောင်းစာသင်ကျောင်းနှင့် သရက်ချောင်းမြို့နယ် ကနက်သီရိစာသင်ကျောင်းတို့အပါအဝင် စာသင်ကျောင်းအများအပြား တိုက်ခိုက်ခံခဲ့ရသည်။

အထူးသဖြင့် လက်ယက်ကုန်းကျေးရွာ စာသင်ကျောင်းတိုက်ခိုက်မှု၊ မကြီးကန်စာသင်ကျောင်းနှင့် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းတိုက်ခိုက်မှုများသည် စာသင်ချိန်အတွင်း ကလေးသူငယ်များ စုဝေးရာနေရာများကို တိုက်ရိုက်ပစ်မှတ်ထားခဲ့သည့် ဖြစ်စဉ်များဖြစ်သည်။ ၂၀၂၅ ခုနှစ် မေလတွင် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးနှင့် ဆရာ၊ ဆရာမ ၂ ဦး သေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များသည် စာသင်ကျောင်းများနှင့် ကလေးသူငယ်များ စုဝေးရာနေရာများအပေါ် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာနေကြောင်း ထင်ရှားစေသည်။

CRC အပိုဒ် ၂၈ နှင့် ၂၉ တို့အရ ကလေးသူငယ်များသည် ပညာသင်ကြားခွင့်ရှိပြီး ပညာရေးသည် ကလေးသူငယ်၏ ကိုယ်ရည်ကိုယ်သွေး၊ စွမ်းရည်နှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ထို့ပြင် CRC အပိုဒ် ၃၈ အရ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအား အထူးအကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitarian Law) အရ စာသင်ကျောင်းများသည် စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုခြင်းမရှိသရွေ့ အရပ်သားအဆောက်အအုံများအဖြစ် ကာကွယ်မှုရရှိပြီး ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများသည် အရပ်သားအဆောက်အအုံများနှင့် စစ်ရေးပစ်မှတ်များကို ခွဲခြားသတ်မှတ်ရမည့် တာဝန်ရှိသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (OPAC) သည်လည်း ကလေးသူငယ်များအား ပဋိပက္ခ၏ သက်ရောက်မှုများမှ အထူးကာကွယ်ပေးရန် ရည်ရွယ်ထားသည်။

သို့သော် စာသင်ကျောင်းများ ပျက်စီးခြင်း၊ ကျောင်းများပိတ်ထားရခြင်းနှင့် စစ်ဘေးရှောင်ရခြင်းတို့ကြောင့် ကလေးသူငယ်များစွာသည် ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရသည်။ အဆိုပါ တိုက်ခိုက်မှုများသည် စာသင်ကျောင်းများကို လုံခြုံစိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်များအဖြစ် မတည်ရှိနိုင်တော့စေဘဲ ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်၊ လုံခြုံစွာ သင်ယူခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များကို စနစ်တကျ ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရသည်။



**Photo Credit: BBC: အိုးထိမ်းကွင်း လေကြောင်းတိုက်ခိုက်မှုအပြီး စာသင်ကျောင်းမြင်ကွင်း**


### (၃) မတရားဖမ်းဆီးထိန်းသိမ်းမှုနှင့် ဓားစာခံအဖြစ် အသုံးပြုမှု

စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်အုပ်စုသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ တော်လှန်ရေးအင်အားစုများနှင့် ဆက်စပ်သည်ဟု ယူဆရသူများ၏ မိသားစုဝင်များကို ဖမ်းဆီးခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုလုပ်ရပ်များအတွင်း ကလေးသူငယ်များလည်း ထိခိုက်ခံစားခဲ့ရသည်။

အေအေပီပီနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ မှတ်တမ်းများအရ မိဘများကို ဖမ်းမမိသည့်အခါ ကလေးသူငယ်များကို အစားထိုးဖမ်းဆီးခြင်း၊ မိဘများအား လာရောက်အဖမ်းခံစေရန် ဓားစာခံအဖြစ် ထိန်းသိမ်းထားခြင်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ သားသမီးများဖြစ်ခြင်းကြောင့် ဖမ်းဆီးစစ်ဆေးခံရခြင်းများ ဖြစ်ပွားခဲ့သည်။ အေအေပီပီ၏ မှတ်တမ်းများအရ အာဏာသိမ်းချိန်မှ ၂၀၂၆ခုနှစ် ဇွန်လကုန်ထိ ဖမ်းဆီးခံခဲ့ရသော ကလေးစုစုပေါင်း (၆၃၉) ဦး ရှိသည်။

**အသက်အပိုင်းအခြားအလိုက် ကလေးသူငယ်ဖမ်းဆီးခံရမှု**

| အသက် | အရေအတွက် |
|---|---|
| ၇နှစ်အောက် | ၄၁ |
| ၇နှစ်မှ ၁၃နှစ်အောက် | ၄၀ |
| ၁၃နှစ်မှ ၁၈အောက် | ၅၅၈ |




အချို့ကလေးသူငယ်များသည် စစ်ကြောရေးကာလအတွင်း ဥပဒေဆိုင်ရာ အကာအကွယ်များ မရရှိဘဲ ထိန်းသိမ်းခံခဲ့ရပြီး မိသားစုနှင့် ဆက်သွယ်ခွင့်များလည်း ကန့်သတ်ခံခဲ့ရသည်။ အေအေပီပီက တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည့် ဖမ်းဆီးခံရချိန်၌ အသက် ၁၆ နှစ်ကျော်အရွယ်သာရှိသေးသည့် ကလေးတဦးက မိသားစုနှင့်ဆက်သွယ်ခွင့်မရခဲ့မှုနှင့် စစ်ကြောရေးကာလနှိပ်စက်ခံခဲ့ရမှုအကြောင်း ယခုလိုဆိုသည်။

> ရဲစခန်းမှာ ကျနော်အဖမ်းခံရတော့ ကျနော့်သူငယ်ချင်းတွေက လိုင်းပေါ်မှာတင်တော့ အမေကတွေ့ပြီးတော့ အနောက်ကနေ လိုက်တာ။ လိုက်တဲ့အချိန်မှာ မိသားစုနဲ့ တွေ့ခွင့်မရဘူး။ အဓိကက ကျနော့်ဘက်က ဆက်သွယ်ခွင့် လုံးဝမရဘူး။ ရဲစခန်း၊ စစ်တပ်ဘက်က လုံးဝဆက်သွယ်ခွင့်မပေးထားဘူး။ ပထမဆုံး အဖမ်းခံရတဲ့နေ့မှာ တနေကုန်လုံး စစ်ဆေးတဲ့အခါ လက်ထိတ်ကို နောက်ပြန်ခတ်ထားတယ်။ ပထမ အဖမ်းခံရတဲ့နေ့တုန်းက ညထိ ရိုက်ခံရတာ။ နောက်နေ့ကျတော့ အဲ့လိုလက်ညှိုးနဲ့ ကြွက်သားကိုထိရင်တောင်နာတဲ့အထိ ဖြစ်တယ်။ ရိုက်တာကတော့ ကျနော်တို့ဆို မျက်နှာတွေဘာတွေ တည်ပြီးတော့ ရိုက်တာတွေရှိတယ်။ ပြီးတော့ ရာဘာတုတ်နဲ့ ရိုက်တာ တွေရှိတယ်။ ပြီးတော့ ပေါင်အနုသားတွေကို ရိုက်တာရှိတယ်။ လိင်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီးတော့ လုပ်မှာနော်တို့ ဘာတို့တော့ ခြိမ်းခြောက်တယ်။ စစ်မေးနေတဲ့အချိန်မှာ မဖြေလို့ရှိရင် ကျည်ဆန်တွေရှိတယ်၊ ကျည်ဆန်တွေ ကျနော့်ဟိုဟာ (စအို)ထဲ ထည့်မှာ(ဆိုပြီး) ခြိမ်းခြောက်တာတော့ ရှိတယ်။

အဆိုပါဖြစ်စဉ်များသည် ကလေးသူငယ်များကို နိုင်ငံရေးဖိအားပေးမှုနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ ကိရိယာအဖြစ် အသုံးပြုနေသည့် ပုံစံတရပ်ကို ထင်ရှားစေပြီး ကလေးသူငယ်များ၏ လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ရေးအပေါ် ရေရှည်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ CRC အပိုဒ် ၁၉၊ ၃၇ နှင့် ၃၈ တို့အရ ကလေးသူငယ်များသည် အကြမ်းဖက်မှု၊ မတရားဖမ်းဆီးထိန်းသိမ်းမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများမှ ကာကွယ်ခံရခွင့် ရှိသည်။ ထို့ကြောင့် ကလေးသူငယ်များအား အစားထိုးဖမ်းဆီးခြင်းနှင့် ဓားစာခံအဖြစ် အသုံးပြုခြင်းတို့သည် ကလေးသူငယ်များ၏ လွတ်လပ်မှု၊ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ခံရခွင့်တို့ကို ပြင်းထန်စွာ ချိုးဖောက်သည့် လုပ်ရပ်များဖြစ်သည်။

### (၄) ဖမ်းဆီးထိန်းသိမ်းရေးစနစ်အတွင်းရှိ ကလေးများနှင့် မိခင်များ၏ အခွင့်အရေးများအပေါ် ချိုးဖောက်မှုများ

စစ်အာဏာသိမ်းမှုနောက်ပိုင်း ဖမ်းဆီးထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွင်း ကလေးသူငယ်များနှင့် ကလေးမိခင်များသည် အထူးထိခိုက်လွယ်သော အုပ်စုတခုအဖြစ် ရှိနေခဲ့သည်။ အေအေပီပီမှ တွေ့ဆုံမေးမြန်းထားသော နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ပြောဆိုချက်များအရ အချို့ကလေးသူငယ်များမှာ မိခင်များနှင့်အတူ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ အချို့မှာ ရင်ခွင်ပိုက်အရွယ်သာ ရှိသေးသော ကလေးငယ်များ ဖြစ်ကြသည်။ ထိုကလေးသူငယ်များသည် အကျဉ်းထောင်အတွင်း သီးခြားကလေးစောင့်ရှောက်ရေးအစီအစဉ်များ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ မရရှိဘဲ နေထိုင်ခဲ့ရကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားဟောင်း အမျိုးသမီးတဦးက အကျဉ်းထောင်အတွင်း ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို အေအေပီပီသို့ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> ကျမတို့အခန်းထဲမှာ (ကလေးတွေ) ရှိတယ်။ နိုင်ကျဉ်းထဲမှာဆိုလို့ရှိရင် လွတ်တဲ့အထိကို ကလေးက သူနဲ့ (မိခင်နဲ့) အတူတူရှိတယ်။ နောက်တယောက်ကကျတော့ မင်္ဂလာတောင်ညွန့်ကနေပြီးတော့ အဖမ်းခံရတဲ့ ၂ နှစ်အရွယ်နဲ့ ပါလာတဲ့သမီးလေးရှိတယ်။ ပြီးသွားလို့ရှိရင် တောင်ဥက္ကလာကနေ ကိုးလအရွယ်နဲ့ ပါလာတဲ့ ကလေးလေးရှိတယ်။ (ထောင်က) ကလေးတွေအတွက် သီးခြားစောင့်ရှောက်မှုတော့မရှိဘူး။ (ကျန်းမာရေး၊ ပညာရေးအတွက်) ဘာမှမရှိဘူး။ မင်္ဂလာတောင်ညွန့်ကနေ ပါလာတဲ့ကလေးလေးကျတော့ တနှစ်ကျော်လောက်ကတည်းက ပါလာတာ လွတ်သွားတဲ့အထိကိုပဲ ၅ နှစ်ပြည့်ခါနီး (အထိပဲ)။ ထောင်ကနေပြီးတော့ သတ်သတ်ကြီးတော့ ဘာမှမလုပ်ပေးဘူး၊ ကလေးတွေကို၊ ကျန်းမာရေး၊ ပညာရေး ဘာတခုမှမလုပ်ပေးဘူး။ ကလေးပိစိလေးတွေ ဖျားနာတဲ့အခါကျလို့ရှိရင်တော့ ဆေးတွေက ဆရာမတွေကို (ထောင်ဝန်ထမ်းအမျိုးသမီးတွေကို) ပိုက်ဆံပေးပြီး ဝယ်ခိုင်းရတာတို့၊ ပြီးလို့ရှိရင် အပြင်ကနေ သွင်းရတာတို့တွေတော့ရှိတယ်။ ထောင်ကနေ ဘာတခုမှကို မပေးထားဘူး

အဆိုပါဖွင့်ဟချက်သည် အကျဉ်းထောင်အတွင်း မိခင်နှင့်အတူ နေထိုင်ရသော ကလေးသူငယ်များသည် အသက်အရွယ်နှင့် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့များ မရရှိခဲ့ကြောင်းနှင့် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များပင် လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်သည့် အခြေအနေများ ရှိနေကြောင်း ဖော်ပြနေသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်နိုင်ငံရေးအကျဉ်းသူအချို့မှာ အကျဉ်းထောင်အတွင်း၌ပင် မီးဖွားခဲ့ရသည်။ အချို့အခြေအနေများတွင် အချိန်မီဆေးရုံတင် မီးဖွားခွင့်မရခဲ့ခြင်းကြောင့် ကလေးအသက်ဆုံးရှုံးခဲ့ရသလို၊ အကျဉ်းထောင်ပြင်ပ ဆေးရုံများတွင် မီးဖွားခွင့်ရသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများပင် လုံခြုံရေးအကြောင်းပြချက်ဖြင့် ခြေကျင်းခတ်ထားခြင်း၊ လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံရခြင်းများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါထုတ်ဖော်ချက်များက ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးနှင့် အသက်ရှင်သန်ရေးအပေါ် အန္တရာယ်ဖြစ်စေသည့် အခြေအနေများ ရှိနေကြောင်းကို ဖော်ပြနေပြီး၊ အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းနှင့် မီးဖွားစဉ် လူသားဂုဏ်သိက္ခာကို ထိခိုက်စေသော ဆက်ဆံမှုများ ရှိခဲ့ကြောင်းကိုလည်း ညွှန်ပြနေသည်။

> ညီမလေးတယောက်ဆို ဗိုက်နာနေပြီ၊ ကလေးကအဆင်မပြေဘူးဖြစ်နေတယ်ပြောတာတောင် ထောင်ထဲက ဆရာမကနေပြီးတော့ အချိန်မီဆေးရုံကိုမပို့ပေးတဲ့အတွက် (ကလေး)ဆုံးပါးသွားခဲ့ရတယ်။ (ညီမလေးတယောက်ဆိုရင်) ကလေးမွေးတာ၊ သူကအပြင်ဆေးရုံမှာပဲမွေးတာ၊ မွေးခါနီးကျလို့ရှိရင် အပြင်ဆေးရုံထုတ်ပေးတယ်။ အပြင်ဆေးရုံမှာမွေးတယ် မွေးပြီးတော့ သူကကလေးကို အထဲခေါ်လာတယ်၊ (သူကလေးမွေးဖို့သွားတဲ့အချိန်မှာ) ခြေကျင်းခတ်ထားတယ်၊ ခြေထောက်နဲ့သံတိုင်နဲ့ တွဲထားတယ်ပြောတယ်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ အမျိုးသမီးအကျဉ်းသူများအပေါ် ပြုမူဆက်ဆံရေးနှင့် အမျိုးသမီးပြစ်မှုကျူးလွန်သူများအတွက် အကျဉ်းချမှတ်ခြင်းမဟုတ်သော အရေးယူဆောင်ရွက်ချက်များဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများ (ဘန်ကောက်စည်းမျဉ်းများ) နှင့် အကျဉ်းသားများအားဆက်ဆံရမည့် အနိမ့်ဆုံးစံနှုန်းဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများ (နယ်လ်ဆင်မင်ဒဲလား စည်းမျဉ်းများ) အရ ကလေးသူငယ်များ၊ ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် အထူးကာကွယ်စောင့်ရှောက်မှုနှင့် သင့်လျော်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရမည်ဖြစ်သည်။

CRC အပိုဒ် ၃ တွင် ဖော်ပြထားသော ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေးရမည့် အခြေခံမှုနှင့် CRC အပိုဒ် ၆၊ ၂၄ နှင့် ၂၇ တို့တွင် အာမခံထားသော အသက်ရှင်သန်ခွင့်၊ ကျန်းမာရေးရရှိခွင့်နှင့် လုံလောက်သောလူနေမှုအဆင့်အတန်း ရရှိခွင့်များသည် အကျဉ်းထောင်အတွင်း လုံလောက်စွာ အကာအကွယ်မရရှိခဲ့ကြောင်း တွေ့ရှိရသည်။

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)**

| | |
|---|---|
| ပုဒ်မ ၃ | ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေးရမည် |
| ပုဒ်မ ၆ | အသက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့် |
| ပုဒ်မ ၂၄ | အမြင့်ဆုံး ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့် |
| ပုဒ်မ ၂၇ | လုံလောက်သော လူနေမှုအဆင့်အတန်း ရရှိခွင့် |

ထို့ပြင် CEDAW အပိုဒ် ၁၂ အရ အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်နှင့် မီးဖွားပြီးကာလများတွင် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရမည်ဖြစ်သည်။ ဘန်ကောက်စည်းမျဉ်းများ၏ စည်းမျဉ်းနံပါတ် ၄၈ နှင့် စည်းမျဉ်းနံပါတ် ၅၁ တို့တွင်လည်း အကျဉ်းထောင်အတွင်းရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် သင့်လျော်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရပံ့ပိုးမှုနှင့် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ဦးစားပေးထည့်သွင်းစဉ်းစားရမည်ဟု ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် စည်းမျဉ်းနံပါတ် ၄၉ မှ စည်းမျဉ်းနံပါတ် ၅၂ တို့တွင် အကျဉ်းထောင်အတွင်း မိခင်နှင့်အတူ နေထိုင်သော ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စောင့်ရှောက်မှုနှင့် လူနေမှုအခြေအနေများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ နယ်လ်ဆင်မင်ဒဲလား စည်းမျဉ်းများ၏ စည်းမျဉ်းနံပါတ် ၂၄ မှ ၂၇ အရ အကျဉ်းသားများသည် ပြင်ပလူ့အသိုက်အဝန်းတွင် ရရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် တန်းတူညီမျှသော ကျန်းမာရေးဝန်ဆောင်မှုများကို ခွဲခြားမှုမရှိဘဲ ရရှိခွင့်ရှိပြီး၊ အကျဉ်းထောင်များတွင် လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးရန်နှင့် အရေးပေါ် သို့မဟုတ် အထူးကုသမှုလိုအပ်သည့် အခြေအနေများတွင် အချိန်မီ ဆေးကုသမှုနှင့် လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

သို့ဖြစ်ရာ အကျဉ်းထောင်အတွင်းရှိ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးမိခင်များအတွက် လုံလောက်သော ကျန်းမာရေး၊ အာဟာရ၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ မရရှိခြင်းသည် CRC၊ CEDAW၊ ဘန်ကောက်စည်းမျဉ်းများနှင့် နယ်လ်ဆင်မင်ဒဲလား စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသော အခြေခံအကာအကွယ်စံနှုန်းများနှင့် ဆန့်ကျင်နေကြောင်း တွေ့ရှိရသည်။

### (၅) အစမ္မနေရပ်စွန့်ခွာရမှုနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ

လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် ကျေးရွာများ မီးရှို့ဖျက်ဆီးခံရမှုများကြောင့် ထောင်ပေါင်းများစွာသော ကလေးသူငယ်များသည် မိမိတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ အများစုမှာ စစ်ဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ယာယီခိုလှုံရာနေရာများတွင် နေထိုင်နေရသည်။

နေရပ်စွန့်ခွာရမှု၏ အကျိုးဆက်အဖြစ် ကလေးသူငယ်များသည် ပညာသင်ကြားခွင့် ဆုံးရှုံးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ မရရှိခြင်း၊ မိသားစုဝင်များနှင့် ကွဲကွာရခြင်းနှင့် လူမှုအသိုက်အဝန်းမှ ဝေးကွာသွားခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ထို့ပြင် လေကြောင်းတိုက်ခိုက်မှုများနှင့် အကြမ်းဖက်ဖြစ်စဉ်များကို မျက်မြင်ကြုံတွေ့ခဲ့ရခြင်းကြောင့် ကလေးသူငယ်အများအပြားသည် စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့မှု၊ အိပ်မပျော်ခြင်းနှင့် စိတ်ဒဏ်ရာလက္ခဏာများကို ခံစားနေကြရသည်။

အစမ္မနေရပ်စွန့်ခွာရမှုနှင့် အကြမ်းဖက်ဖြစ်စဉ်များကို ဆက်တိုက်ကြုံတွေ့နေရခြင်းကြောင့် ကလေးသူငယ်များအကြား စိတ်ဖိစီးမှု၊ ဝမ်းနည်းကြေကွဲမှုနှင့် စိတ်ဒဏ်ရာလက္ခဏာများ မြင့်တက်လာနေပြီး စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုရေးအထောက်အပံ့ (Mental Health and Psychosocial Support – MHPSS) လိုအပ်ချက်များလည်း ပိုမိုမြင့်မားလာလျက်ရှိသည်။

ထို့ပြင် ပဋိပက္ခများနှင့် အစမ္မနေရပ်စွန့်ခွာရမှုများကြောင့် ကလေးသူငယ်များ၏ အခြေခံကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုသည်လည်း ဆိုးရွားစွာ ထိခိုက်လျက်ရှိသည်။ ကျန်းမာရေးအဆောက်အအုံများ မလုံလောက်ခြင်းနှင့် လုံခြုံရေးအခက်အခဲများကြောင့် မိခင်နှင့်ကလေးကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမမီနိုင်ကြသဖြင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုအကူအညီ (Cross-border Humanitarian Aid) နှင့် ဒေသခံအခြေပြု လူမှုအဖွဲ့အစည်းများက ပံ့ပိုးပေးနေသော ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများသည် ပဋိပက္ခဒေသများရှိ ကလေးသူငယ်များ၏ အသက်ရှင်သန်ရေးနှင့် ကျန်းမာရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။**3** အလားတူ ပဋိပက္ခနှင့် ကျန်းမာရေးစနစ်ပြိုကွဲမှုတို့ကြောင့် ကလေးသူငယ်များ၏ ပုံမှန်ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များလည်း ပြင်းထန်စွာ ထိခိုက်ခဲ့ပြီး အသက်ငါးနှစ်အောက် ကလေးသူငယ် ၁ ဒသမ ၂ သန်းခန့်မှာ ကာကွယ်ဆေးလုံးဝမရရှိသေးသော သို့မဟုတ် လုံလောက်စွာ မထိုးနှံရသေးသူများအဖြစ် ကျန်ရှိနေသည်။**4** ယင်းအခြေအနေသည် ပဋိပက္ခဒေသများနှင့် နေရပ်စွန့်ခွာရသော ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ကျန်းမာရေးရရှိခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်တို့အပေါ် ရေရှည်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

CRC အပိုဒ် ၁၂ နှင့် ၁၅ တို့အရ ကလေးသူငယ်များသည် မိမိတို့နှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် အမြင်ဖော်ပြခွင့်နှင့် လူမှုအသိုက်အဝန်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်များ ရှိသည်။ ထို့ပြင် CRC အပိုဒ် ၆ နှင့် ၂၇ တို့တွင် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် လုံလောက်သော လူနေမှုအဆင့်အတန်း ရရှိခွင့်တို့ကို အာမခံထားသည်။ သို့သော် ပဋိပက္ခများ၊ လုံခြုံရေးအန္တရာယ်များနှင့် နေရပ်စွန့်ခွာရမှုများကြောင့် ကလေးသူငယ်များ၏ အသံနှင့် ပါဝင်ဆောင်ရွက်နိုင်မှုများ သိသိသာသာ ကန့်သတ်ခံနေရသကဲ့သို့ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများလည်း ပြင်းထန်စွာ ထိခိုက်လျက်ရှိသည်။

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)**

| | |
|---|---|
| ပုဒ်မ ၁၂ | ကလေး၏ အမြင်ကို ဖော်ပြခွင့်၊ သူနှင့်သက်ဆိုင်သော ကိစ္စများတွင် ပါဝင်ခွင့် |
| ပုဒ်မ ၁၅ | လူမှုအသိုက်အဝန်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် |

သို့သော် ပဋိပက္ခများ၊ လုံခြုံရေးအန္တရာယ်များနှင့် နေရပ်စွန့်ခွာရမှုများကြောင့် ကလေးသူငယ်များ၏ အသံနှင့် ပါဝင်ဆောင်ရွက်နိုင်မှုများ သိသိသာသာ ကန့်သတ်ခံနေရသကဲ့သို့ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများလည်း ပြင်းထန်စွာ ထိခိုက်လျက်ရှိသည်။ ထိုအခြေအနေများသည် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် ရေရှည်သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပြီး ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံရခွင့်နှင့် လူမှုအသိုက်အဝန်းအတွင်း အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ခွင့်တို့ကို ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရသည်။

3. **OCHA, Myanmar Humanitarian Needs and Response Plan 2025; UNICEF, Humanitarian Action for Children: Myanmar 2025.**
4. **WHO, Decreasing Zero-Dose Children Threefold Amidst Pandemic and Political Unrest in Myanmar, 10 May 2024.**

## နိဂုံး

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်ကာလမှ ၂၀၂၆ ခုနှစ် ဇွန်လအထိ မှတ်တမ်းတင်ထားသော ဖြစ်စဉ်များအရ မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများ၏ အချိုးမညီစွာ ထိခိုက်ခံစားရသော အုပ်စုတခုအဖြစ် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရသည်။ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ မတရားဖမ်းဆီးထိန်းသိမ်းမှုများ၊ အဓမ္မနေရပ်စွန့်ခွာရမှုများနှင့် စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများသည် သီးခြားဖြစ်စဉ်များမဟုတ်ဘဲ ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ လုံခြုံရေး၊ ပညာသင်ကြားခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များကို စနစ်တကျ ထိခိုက်စေသော ပုံစံအဖြစ် တွေ့မြင်ရသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ပညာရေးအဆောက်အအုံများအပေါ် တိုက်ခိုက်မှုများနှင့် စစ်ရေးရည်ရွယ်ချက်အတွက် စာသင်ကျောင်းများ အသုံးပြုမှုများ ဆက်တိုက်ဖြစ်ပွားနေကြောင်း Global Coalition to Protect Education from Attack (GCPEA) ၏ Education Under Attack 2024: Myanmar Profile တွင် ဖော်ပြထားသည်။ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်အတွင်း စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှု အနည်းဆုံး ၂၄၅ ကြိမ်နှင့် ကျောင်းနှင့် တက္ကသိုလ်များကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုမှု အနည်းဆုံး ၁၉၀ ကြိမ် ရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်မှု၌ မှတ်တမ်းတင်ထားသည်။**5** ၎င်းအခြေအနေများကြောင့် ကျောင်းပိတ်ထားရခြင်း၊ အဓမ္မနေရပ်စွန့်ခွာရမှုများနှင့် လုံခြုံရေးအန္တရာယ်များ တိုးပွားလာခြင်းတို့သည် ကလေးသူငယ် သန်းနှင့်ချီကို ပညာရေးစနစ်ပြင်ပသို့ ရောက်ရှိစေခဲ့သည်။ ထို့အပြင် အဆိုပါအခြေအနေသည် မျိုးဆက်တစ်ခုလုံး၏ သင်ယူမှုအခွင့်အလမ်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် ရေရှည်နှင့် အလွန်ကျယ်ပြန့်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရသည်။

ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော ဖြစ်စဉ်များသည် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ် (CRC) တွင် အာမခံထားသော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံရခွင့်နှင့် ပညာသင်ကြားခွင့်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်စေခဲ့ကြောင်း ဖော်ပြနေသည်။ ထို့ပြင် အဆိုပါဖြစ်စဉ်များသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ်အခွင့်အရေးသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (OPAC) နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) တို့တွင် ပြဋ္ဌာန်းထားသော စံနှုန်းများကိုလည်း ပြင်းထန်စွာ ချိုးဖောက်နေကြောင်း တွေ့ရှိရသည်။

အလားတူ ဖမ်းဆီးထိန်းသိမ်းရေးစနစ်အတွင်းရှိ ကလေးသူငယ်များနှင့် ကလေးမိခင်များ၏ အခြေအနေများသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံ ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ အမျိုးသမီးအကျဉ်းသူများအပေါ် ပြုမူဆက်ဆံရေးနှင့် အမျိုးသမီးပြစ်မှုကျူးလွန်သူများအတွက် အကျဉ်းချမှတ်ခြင်းမဟုတ်သော အရေးယူဆောင်ရွက်ချက်များဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများ (ဘန်ကောက်စည်းမျဉ်းများ) နှင့် အကျဉ်းသားများအား ဆက်ဆံရမည့် အနိမ့်ဆုံးစံနှုန်းဆိုင်ရာ ကုလသမဂ္ဂစည်းမျဉ်းများ (နယ်လ်ဆင်မင်ဒဲလား စည်းမျဉ်းများ) တွင် ဖော်ပြထားသော အကာအကွယ်စံနှုန်းများနှင့်လည်း ဆန့်ကျင်နေကြောင်း ထင်ရှားစေသည်။ မြန်မာနိုင်ငံသည် CRC နှင့် CEDAW တို့ကို အတည်ပြုလက်မှတ်ရေးထိုးထားပြီး ဖြစ်သဖြင့်၊ အဆိုပါ သဘောတူစာချုပ်များအရ အာမခံထားသည့် အခွင့်အရေးများကို လေးစားလိုက်နာရန်၊ ကာကွယ်စောင့်ရှောက်ရန် နှင့် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဥပဒေအရ စည်းနှောင်မှုရှိသော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် တာဝန်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခွင့်အရေးအကျပ်အတည်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာသာမက တာဝန်ယူတာဝန်ခံမှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်မှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေသော လူ့အခွင့်အရေးဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပြီး၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် သက်ဆိုင်သူအားလုံး၏ အရေးတကြီး အာရုံစိုက်ဆောင်ရွက်မှုနှင့် တာဝန်ယူမှုများ လိုအပ်လျက်ရှိသည်။

5. **Global Coalition to Protect Education from Attack (GCPEA). Education Under Attack 2024: Myanmar Profile. New York: GCPEA, 2024.**

## အကြံပြုချက်များ

**(၁) ပဋိပက္ခဒေသများရှိ ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် စိတ်ကျန်းမာရေးအထောက်အပံ့များ တိုးချဲ့ပေးရန်**

လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ပဋိပက္ခဒေသများရှိ ကလေးသူငယ်များအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှု (MHPSS) နှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများကို လိုအပ်ချက်အခြေပြုအနေဖြင့် တိုးချဲ့ပေးသင့်သည်။

**(၂) ပဋိပက္ခဒေသအားလုံးရှိ ကလေးသူငယ်များထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်း မီရောက်ရှိစေရန်**

ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အရေးပေါ်ဝန်ဆောင်မှုများကို ပဋိပက္ခဒေသအားလုံးရှိ ကလေးသူငယ်များထံသို့ပါ တန်းတူညီမျှလက်လှမ်းမီစေရန်နှင့် ရောက်ရှိနိုင်စေရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ ဒေသခံအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

**(၃) ပညာသင်ကြားခွင့် ဆက်လက်ရရှိနိုင်ရေးအတွက် အရေးပေါ်ပညာရေးအစီအစဉ်များကို ပံ့ပိုးရန်**

နိုင်ငံတကာအလှူရှင်များ၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များအနေဖြင့် ပဋိပက္ခဒေသများနှင့် နေရပ်စွန့်ခွာရသော ကလေးသူငယ်များအတွက် အရေးပေါ်အခြေအနေများနှင့် အကျပ်အတည်းကာလများတွင် ပညာရေးဝန်ဆောင်မှုအစီအစဉ်များ၊ လုံခြုံသော သင်ယူမှုပတ်ဝန်းကျင်များနှင့် အခြားရွေးချယ်စရာ ပညာရေးအခွင့်အလမ်းများကို ဆက်လက်ပံ့ပိုးသင့်သည်။

**(၄) အကျဉ်းထောင်များနှင့် ဖမ်းဆီးထိန်းသိမ်းရေးစင်တာများအတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်**

အကျဉ်းထောင်အရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အကျဉ်းထောင်များနှင့် ဖမ်းဆီးထိန်းသိမ်းရေးစင်တာများအတွင်း မိခင်များနှင့်အတူ နေထိုင်နေသော ကလေးသူငယ်များအပါအဝင် ဖမ်းဆီးထိန်းသိမ်းခံထားရသော ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ အာဟာရနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ လုံလောက်စွာရရှိနိုင်စေရန် စောင့်ကြည့်စနစ်များနှင့် အရေးပေါ်အထောက်အပံ့များကို တိုးမြှင့်ဆောင်ရွက်သင့်သည်။

**(၅) ကလေးသူငယ်များအပေါ် ကျူးလွန်သော ပြင်းထန်သည့်ချိုးဖောက်မှုများအတွက် တာဝန်ယူမှုဖော်ဆောင်ရေး အားကောင်းစေရန်**

နိုင်ငံတကာအသိုက်အဝန်းနှင့် တာဝန်ယူမှုဖော်ဆောင်ရေး ယန္တရားများအနေဖြင့် ကလေးသူငယ်များ သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်း၊ စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများ၊ ဓားစာခံဖမ်းဆီးမှုများနှင့် အခြားဆိုးရွားရက်စက်သော ချိုးဖောက်မှုများအတွက် သက်သေအထောက်အထားများကို ဆက်လက်စုဆောင်းထိန်းသိမ်းပြီး တာဝန်ရှိသူများအား တာဝန်ခံစေရန် ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်ဆောင်ရွက်သင့်သည်။

**(၆) ကလေးသူငယ်များအပေါ် ကျူးလွန်သော ချိုးဖောက်မှုများကို ကလေးသူငယ်များ၏ အခြေအနေကို ထည့်သွင်းစဉ်းစားသော မှတ်တမ်းတင်ခြင်းဖြင့် ဆက်လက်မှတ်တမ်းတင်ရန်**

အရပ်ဘက်အဖွဲ့အစည်းများနှင့် ကလေးအခွင့်အရေးဆိုင်ရာကွန်ရက်များအနေဖြင့် ကလေးသူငယ်များအပေါ် ကျူးလွန်သော ချိုးဖောက်မှုများကို ကလေးလုံခြုံရေး၊ လျှို့ဝှက်ရေးနှင့် "မထိခိုက်စေရေး" အခြေခံမှုများကို လိုက်နာလျက် ဆက်လက်မှတ်တမ်းတင်ပြီး နိုင်ငံတကာ အာရုံစိုက်မှုနှင့် အရေးယူဆောင်ရွက်မှုများ ရရှိစေရန် ပူးပေါင်းဆောင်ရွက်သင့်သည်။

## နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)

# ကိုးကားစာရင်း


**United Nations Documents**

1. Office of the United Nations High Commissioner for Human Rights (OHCHR). Reports on the Human Rights Situation in Myanmar (2021–2026).
2. United Nations. Convention on the Rights of the Child (CRC), 1989.
3. United Nations. Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict (OPAC), 2000.
4. United Nations General Assembly. United Nations Rules for the Treatment of Women Prisoners and Non-custodial Measures for Women Offenders (the Bangkok Rules), A/RES/65/229, 2010.
5. United Nations General Assembly. United Nations Standard Minimum Rules for the Treatment of Prisoners (the Nelson Mandela Rules), A/RES/70/175, 2015.
6. United Nations Secretary-General. Children and Armed Conflict in Myanmar: Report of the Secretary-General (S/2025/81). New York: United Nations, 2025.

**International Legal Instruments and Databases**

1. International Committee of the Red Cross (ICRC). Customary International Humanitarian Law Database.
2. International Criminal Court. Rome Statute of the International Criminal Court, 1998.

**Reports and Publications**

1. Assistance Association for Political Prisoners (AAPP). Documentation of Human Rights Violations in Myanmar (2021–2026).
2. World Bank. Preventing a Lost Generation: Understanding the State of Out of School Children in Myanmar. Washington, D.C.: World Bank, 2024.

**Media Sources**

1. BBC News Burmese, Democratic Voice of Burma (DVB), Mizzima, Myanmar Now, Radio Free Asia (RFA Burmese), and The Irrawaddy. News Reports on Children, Education, Displacement, and Armed Conflict in Myanmar (2021–2026).